လျှောက်လွှာအမှတ်စဉ် ………………………….

သို့

ဥက္ကဋ္ဌ
သစ်ခွဲသားအတို/အသေး/ရွေးကျန်များ အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန

ရက်စွဲ။ ……………………

အကြောင်းအရာ။ သစ်ခွဲသားအုပ်စု(၁/၂/၃) အတို/အသေး/ရွေးကျန်ခွဲသားများအား အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချရာတွင် ပါဝင်ယှဉ်ပြိုင် ဝယ်ယူခွင့်ပြုပါရန် လျှောက်ထားခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အမှတ်(၁၀၃)သစ်စက်မှ သစ်ခွဲသားအုပ်စု (၁/၂/၃) အတို/အသေး/ ရွေးကျန်ခွဲသားများအား အိတ်ဖွင့်လေလံ စနစ်ဖြင့်ရောင်းချရာ တွင် ပါဝင်ယှဉ်ပြိုင် ဝယ်ယူခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၂။ အဆိုပါအမှတ်(၁၀၃)သစ်စက်တွင် သတ်မှတ်ထားသည့်သမာဓိအာမခံကြေးငွေကျပ်(၂၅,၀၀၀,၀၀/-) (ကျပ်နှစ်ဆယ်ငါးသိန်းတိတိ)အား ( ) ဘဏ်၏အာမခံချက် ( Payment Order ) အမှတ် ( ) ဖြင့် ပေးသွင်းအပ်ပါသည်။

၃။ မြန်မာ့သစ်လုပ်ငန်းမှ သစ်ခွဲသားအုပ်စု (၁/၂/၃) အတို/အသေး/ ရွေးကျန်ခွဲသား များအား အိတ်ဖွင့်လေလံ စနစ်ဖြင့် ရောင်းချရာတွင် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟု ဂတိပြုပါသည်။

ပါဝင်ယှဉ်ပြိုင်သူလက်မှတ် …………………………
အမည် …………………………..
နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ……………………..
အလုပ်အကိုင် …………………………
ဆက်သွယ်ရမည့်ဖုန်းနံပါတ်…………………………
နေရပ်လိပ်စာ ……………………………
……………………………

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**မြန်မာ့သစ်လုပ်ငန်း**

**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**

**သစ်လုံး/သစ်ခွဲသားများ အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချရာ၌ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ သစ်လုံး/ သစ်ခွဲသား အတို/ အသေး/ ရွေးကျန်များကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းမဟုတ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံသားများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

၃။ လပ်ပုံများကို လေလံဈေးနှုန်း တင်သွင်းလိုသူသည် သတ်မှတ်ထားသော လေလံလျှောက်လွှာ ပုံစံတွင် ဖြည့်စွက်၍ အောက်ဖော်ပြပါအတိုင်း သမာဓိအာမခံကြေးငွေ( Earnest Money ) ကို တိုင်းဒေသကြီး/ ပြည်နယ်/ ဒေသ/ သစ်စက်ကြီး မန်နေဂျာများသို့ လွှဲပြောင်းထုတ်ယူနိုင်ရန် ဖော်ပြထားသည့် " အာမခံချက် " (Playment Order) ဖြင့် သတ်မှတ်ရက်အတိုင်း ကြိုတင်ပေးသွင်းရမည်။

| | **အိတ်ဖွင့်လေလံဆောင်ရွက်မည့် ပမာဏ(တန်)** | | **သမာဓိအာမခံကြေးငွေ(ကျပ်)** |
|---|---|---|---|
| (က) | သစ်လုံး/ ခွဲသား | (၁) တန်မှ (၅၀)တန်အထိ | ၁၅ သိန်း |
| ( ခ ) | သစ်လုံး/ ခွဲသား | (၅၁)တန်မှ (၁၀၀)တန်အထိ | ၂၅ သိန်း |
| ( ဂ ) | သစ်လုံး/ ခွဲသား | (၁၀၁)တန်မှ (၁၅၀)တန်အထိ | ၄၀ သိန်း |
| (ဃ) | သစ်လုံး/ ခွဲသား | (၁၅၁)တန်မှ (၂၀၀)တန်အထိ | ၅၅ သိန်း |
| ( င ) | သစ်လုံး/ ခွဲသား | (၂၀၁)တန်နှင့် အထက် | ၇၅ သိန်း |

၄။ လေလံမအောင်မြင်သူအား လေလံဖွင့်သည့်နေ့မှ (၇)ရက်အတွင်း အာမခံ " ချက် " ( Payment Order ) များ ပြန်လည်ထုတ်ပေးမည်။

၅။ သာမန်အားဖြင့်ကြမ်းခင်းဈေးဖြင့်ကျော်လွန်သော အမြင့်ဆုံးဈေးနှုန်းပေးသွင်းသူအားရောင်းချမည်။ အိတ်ဖွင့်လေလံဖွင့်လှစ်သည့်အခါ လပ်ပုံတစ်ပုံအတွက် ကြမ်းခင်းဈေးထက် ပိုမိုတင်သွင်းထားသော လေလံဈေးနှုန်းများ တိုက်ဆိုင်တူညီနေပါက တူညီသူတို့အား မဲစနစ်ဖြင့် မဲနှိုက်ခိုင်းပြီး မဲပေါက်သူအား အောင်မြင်သူအဖြစ်သတ်မှတ်ရောင်းချပါမည်။

၆။ လေလံအောင်မြင်သူသည် ကျသင့်ငွေအားလုံးကို လေလံအောင်မြင်သည့်နေ့မှ (၃၀)ရက်အတွင်း သက်ဆိုင်ရာ တိုင်း/ဒေသ/သစ်စက်ကြီးများတွင် အပြီးပေးသွင်းရမည်။

၇။ သတ်မှတ်ရက်အတွင်း ငွေအကြေအလည် ပေးသွင်းခြင်းမရှိပါက အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

(က) ဘဏ္ဍာနှစ်အတွင်း **ပထမအကြိမ်** ပျက်ကွက်ပါက သမာဓိအာမခံကြေးငွေအား သိမ်းယူခြင်း၊ မြန်မာ့သစ်လုပ်ငန်း၏ သစ်လုံး/ခွဲသား လေလံဝင်ရောက်ယှဉ်ပြိုင်ခွင့်(၆)လ ရပ်ဆိုင်းခြင်း။

(ခ) ဘဏ္ဍာနှစ်အတွင်း **ဒုတိယအကြိမ်** ပျက်ကွက်ပါက သမာဓိအာမခံကြေးငွေအား သိမ်းယူခြင်း၊ မြန်မာ့သစ်လုပ်ငန်း၏ သစ်လုံး/ခွဲသား လေလံဝင်ရောက်ယှဉ်ပြိုင်ခွင့်(၁)နှစ် ရပ်ဆိုင်းခြင်း။

၈။ လေလံအောင်မြင်ပြီး၍ ငွေအကြေပေးသွင်းပြီး လပ်ပုံများအား လေလံအောင်မြင်သည့်နေ့မှရက်(၆၀) အတွင်း ပြီးပြတ်ကုန်စင်အောင် သယ်ယူရမည်ဖြစ်ပါသည်။

၉။ လေလံအောင်မြင်သူများအနေဖြင့် ငွေအကြေပေးသွင်း၍ သစ်အပြီးအပြတ်သယ်ယူပြီးလျှင်သော်လည်းကောင်း၊ သစ်သယ်ယူရန် သတ်မှတ်ရက်ကျော်လွန်မှုရှိပါက ပေးဆောင်ရမည့် ရက်လွန်ကြေး ပေးသွင်းပြီးလျှင်သော်လည်းကောင်း၊ မိမိ ( Payment Order ) များ ပေးသွင်းရာ ဒေသ/သစ်စက်တို့တွင် ပြန်လည်ထုတ်ယူနိုင်ပါသည်။

၁၀။ မြေပြင်အခက်အခဲရှိ၍ အကြောင်းအမျိုးမျိုးကြောင့် သယ်ယူရန်သတ်မှတ်ရက်ထက် ကျော်လွန်ခြင်းများအား သက်ဆိုင်ရာ (ရောင်း/စက် ဌာနမှူး) / ( ပြည်နယ်ရောင်း/ စက်တာဝန်ခံ ) များမှ စိစစ်ပြီးမူလသတ်မှတ်ရက်ထက် (၁၅)ရက်အထိသာထပ်တိုးခွင့်ပြုပေးနိုင်ပါသည်။ (ထပ်တိုးခွင့်ပြုရက်ထက်ကျော်လွန်၍သယ်ယူခြင်းမပြုနိုင်သော လပ်ပုံများကိုလပ်ပုံ(၁)ပုံအတွက်(၁)ရက်လျှင် ကျပ်(၃၀၀၀၀/-)နှုန်း (ကျပ်သုံးထောင်တိတိ)နှုန်း ဖြင့် ရက်လွန်ကြေးပေးဆောင်ရမည်။ )

၁၁။ ကျွန်း/သစ်မာ သစ်လုံး/ခွဲသားများကို မျက်မြင်အခြေအနေအတိုင်း လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူသူများသည် ဈေးပေးယှဉ်ပြိုင်ဝယ်ယူမည့် လပ်ပုံနှင့်သက်ဆိုင်သည့် သစ်အမျိုးအစား၊ သစ်အတန်းအစား၊ အတိုင်းအတာနှင့် တန်ပမာဏတို့အား စစ်ဆေးလက်ခံပြီးဖြစ်သည်ဟု မြန်မာ့သစ်လုပ်ငန်းမှ မှတ်ယူပါသည်။ သို့ဖြစ်၍ ဈေးပေးအောင်မြင်ပြီးသည့် လပ်ပုံများနှင့် စပ်လျဉ်း၍ နောက်ပိုင်းကွဲလွဲမှုများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

၁၂။ လေလံလပ်ပုံ(၁)ပုံကို တစ်ကြိမ်တည်းဖြင့် အပြီးထုတ်ယူရမည်။

၁၃။ လေလံအောင်မြင်သူအနေဖြင့် တင်ပြသော သယ်ယူလိုသည့်ဒေသလိပ်စာ(ကန့်သတ်ထားသောဒေသများမှလွဲ၍) ဖြင့် ပြေစာများဖွင့်လှစ်ပေးမည်ဖြစ်သည်။ ပြေစာပါလိပ်စာပြောင်းလဲလိုပါက သက်ဆိုင်ရာ(ရောင်း/စက်ဌာနမှူး) / ( ပြည်နယ်ရောင်း/ စက်တာဝန်ခံ ) များသို့ ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်သည်။ သစ်လုံးများ ခွဲစိတ်ခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းကို သစ်တောဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၄။ လေလံအောင်မြင်ဝယ်ယူခွင့်ပြုပြီးသည့် လပ်ပုံများနှင့်ပတ်သက်၍ **အမည်ပြောင်း** လျှောက်ထားလိုပါကသက်ဆိုင်ရာ (ရောင်း/စက်ဌာနမှူး) / ( ပြည်နယ်ရောင်း/ စက်တာဝန်ခံ ) များထံ လျှောက်ထားရမည်။ ငွေအကြေပေးသွင်းပြီးသော လပ်ပုံများကိုသာ အမည်ပြောင်းလဲခွင့်ပြုမည်ဖြစ်သည်။

၁၅။ လေလံအောင်မြင်သူအနေဖြင့် ပြေစာသက်တမ်းကို ပြေစာဖွင့်လှစ်သည့်နေ့မှစ၍ (၁)နှစ်ရှိမည်ဖြစ်ပြီး (၁)နှစ်ကျော်ပါက ပြေစာသက်တမ်းတိုး ပထမ(၆)လ၊ ထပ်မံ၍ ဒုတိယ(၆)လအထိ ပြည်တွင်းရောင်း/စက် (ရုံးချုပ်)သို့ လိပ်မူ၍လျှောက်ထားဆောင်ရွက်ရမည်။ ပြေစာသက်တမ်း(၂)နှစ်ပြည့်၍ ထပ်မံသက်တမ်းတိုး လျှောက်ထားခြင်းအား မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးပြီးမှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁၆။ ပြေစာသက်တမ်း(၁)နှစ်ပြည့်ပြီး၍ ထပ်မံရက်တိုးလျှောက်ထားမှုတွင် လျှောက်ထားသည့် ပြေစာပါပစ္စည်းသည် ပုံစံပြောင်းလဲသွားပါက (ဥပမာ- သစ်လုံးမှ သစ်အချောထည်) မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးပြီးမှသာ ပြေစာသက်တမ်းတိုးခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁၇။ လေလံအောင်မြင်၍ ငွေအကြေပေးသွင်းဝယ်ယူပြီး လပ်ပုံများအတွက် ဝယ်ယူသူ၏ အစီအစဉ်ဖြင့် သာတာဝန်ယူထိန်းသိမ်းရမည်။ ရန်သူမျိုးငါးပါး ဖျက်ဆီးမှုအန္တရာယ်ကို မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ယူမည်မဟုတ်ပါ။

၁၈။ ဝယ်ယူသူမှ လပ်ပုံများကို သယ်ယူရန် အလုပ်သမားသုံးစွဲမှုအတွက် သစ်စက်မှ လပ်ပုံထိုင်လုပ်သားများကို သတ်မှတ်ဈေးနှုန်းပေးချေ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၉။ မည်သည့်လပ်ပုံလေလံရောင်းချမှုကိုမဆို မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အကြောင်းတစ်စုံတစ်ရာဖော်ပြရန်မလိုဘဲ ပယ်ဖျက်ရုပ်သိမ်းနိုင်သည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**

**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**